# ကြိုစကွ

ဟာဒယကျောက်နက်ရှင်



## ရည်ညွှန်းချက်

ဒေါက်တာမင်းထင်ကျော်၏ စွန့်စားခန်းများကို နှစ်သက် သဘောကျသော ကျွန်တော့်ရဲ့ စာဖတ်ပရိသတ်များ အတွက် ဤဝတ္ထုကို ရေးပါသည် ။

စာရေးသူ

******

## ဒသနလက်ဆောင်

-လက်ရှိ ရထားတဲ့ အချိန်တွေကို တန်ဖိုးရှိရှိ အသုံးမချတတ်ဘူးဆိုရင် အတိတ်မှာ ကျန်ခဲ့တဲ့ အချိန်တွေဆိုတာ မေ့ကျန်ခဲ့တဲ့ ပစ္စည်းတစ်ခုလို ပြန်လှည့်ယူ၍ မရတော့သလို.. အစားထိုးလို့ လည်း မရပေ။

-ယခုအချိန်မှ အတိတ်ကာလက အကြောင်းများ ဟု ပြောနေသော အရာများ သည် တစ်ချိန်က အနာဂတ်ကာလ မျှော်မှန်းချက်များ ဖြစ်ခဲ့ဖူးသည် ကို မမေ့သင့်ပေ။

-အချိန်၏ ရွေ့လျားခြင်းသည် သဘာဝကို ပြောင်းလဲပစ်လေသည် ။

ထို့အတူ.. အတွေးအခေါ်နှင့် ရင့်ကျက်မှုများကိုလည်း ပြောင်းလဲစေနိုင်သည် ။

-စိတ်တံခါးပေါက်သည် အချိန်မရွေး ဖွင့်နိုင်သလို အချိန်မရွေးလည်း ပိတ်ပစ်နိုင်ပါသည် ။

ဖွင့်ချိန်.. ပိတ်ချိန်ကို သိဖို့ ရန်သာ အရေးကြီးပါသည် ။

-လူတစ်ယောက် အောင်မြင်တယ်ဆိုတာ ဗီဇနဲ့ ပတ်ဝန်းကျင်ထက် သူကိုယ်တိုင် ပြုပြင် ပြောင်းလဲချင်စိတ်နဲ့ ကြိုးစားမှုအပေါ်မှာ မူတည်ပါတယ်။

-မှီခိုခြင်းနှင့် အကူအညီယူခြင်းဟာ အဓိပ္ပာယ် တူသလိုနဲ့ မတူပါဘူး ။ ပတ်ဝန်းကျင်ရဲ့ အကူအညီကိုတော့ ယူပါ၊ ဒါပေမဲ့ အမြဲ မှီခိုနေတာမျိုးတော့ မလုပ်သင့်ပေ။

-မိန်းကလေးတစ်ယောက်ရဲ့ တန်ဖိုးဟာ အခြားသူများက သတ်မှတ်ပေးတာထက် သူကိုယ်တိုင် တန်ဖိုးထားချင်စိတ် ရှိတာက ပိုကောင်းပါတယ်။

-အခွင့်အရေးဆိုတာ သာတူညီမျှ ခွဲတမ်းချထားပေးတာ မဟုတ်သောကြောင့် ကြိုးစားက များများ ရပြီး မကြိုးစားသူအတွက်ကတော့ ဘာမှ ရမည် မဟုတ်ပေ။

-အမှားနှင့်အမှန် ဟူသော ဝေါဟာရနှစ်ခု ရှိနေသမျှ အမှားမရှိဘဲနှင့် အမှန်လမ်းကြောင်းပေါ်သို့ ကောင်းစွာ ရောက်နိုင်မည် မဟုတ်ပေ။

-အောင်မြင်မှုသည် ဘယ်သောအခါမှ မိမိဆီသို့ စောစီးစွာ ရောက်လာမည် မဟုတ်ပေ။

သင့်ဆီသို့ အစောဆုံး ရောက်လာမည့်အရာများမှာ အခက်အခဲနှင့် ဒုက္ခများ သာ ဖြစ်သည် ။

-တံခါးဖွင့်ရန် သော့တစ်ချောင်းသည် အခြားသော့များ စွာကို ကျော်ပြီး နောက်ဆုံးမှ ရှာတွေ့တတ်သကဲ့သို့ အောင်မြင်မှုသည် လည်း နောက်ဆုံးမှာ ရောက် လာလေ့ ရှိပါသည် ။

-ရှုံးနိမ့်ခြင်းသည် စိတ်ဓာတ်ကျခြင်းနှင့် သင်ခန်းစာယူတတ်ခြင်း နှစ်မျိုးကို ပေးပါသည် ။

စိတ်ဓာတ်ကျသူက ထပ်မံရှုံးနိမ့်ပြီး သင်ခန်းစာ ယူတတ်သူက အောင်မြင်မှု ရလေသည် ။

******

# အခန်း (၁)
# ထူးဆန်းသော ကျောက်တုံးကို ရရှိခြင်း

ဒါဂျီလင်မြို့သည် ဟိမဝန္တာ တောင်တန်းကြီးမှ ထိုးထွက်နေသော တောင်စွယ်တစ်ခုပေါ်၌ တည်ရှိပြီး သာယာလှပသော တောင်စခန်းမြို့ကလေး တစ်မြို့ဖြစ်သည်။

ကာလကတ္တားဖြင့် မီးရထားလမ်း ဆက်သွယ်ထားကာ ၃၆၉ မိုင်မျှ ကွာဝေးလေသည်။

နွေရာသီတွင် အစိုးရဌာနများ လာရောက် ရုံးစိုက်ရာဒေသဖြစ်ကာ စည်ကားလှသည်။

အများအားဖြင့်တော့ ဒါဂျီလင်မြို့၏ ပတ်ဝန်းကျင်တစ်ဝိုက်တွင် လယ်ကွင်းများ၊ ဥယျာဉ်ခြံများ၊ တောင်ယာစိုက်ခင်းများ နှင့် လက်ဖက်ခင်းများ စွာ ရှိသည်။

အတော်များများကတော့ လက်ဖက်စိုက်ခင်းများကို လုပ်ကိုင်ကြလေသည်။

ထို့ပြင်.. ဒါဂျီလင်မြို့သည် ဟိမဝန္တာ၏ တောင်စွယ်တစ်ခုပေါ်၌ ရှိသောကြောင့် ပတ်ဝန်းကျင်တစ်ဝိုက်တွင် တောင်စွယ်၊ တောင်တန်း၊ တောင်ထွတ်များက ဝန်းရံထားလေသည်။

သစ်တောများ ရှိသည့် ကျောက်တောင် ကျောက်ဂူများ ရှိသလို သစ်

ပင်များ လုံးဝမရှိသည့် ကျောက်တောင်ကြီးများ လည်း ရှိလေသည် ။

အချို့ ကျောက်တောင်များမှ အာဖရိကဘက်မှ ကန္တာရ လွင်ပြင်ထဲ၌ ရှိသော ကျောက်တောင်များ နှင့်ပင် တူလှသည် ။

သို့စေကာမူ.. ကျောက်တောင်များ တိုင်းမှာ လိုလို ဂူပေါက်များ ရှိကြလေသည် ။

သာမန် ဂူကလေးများမှ သည် အဓိကရ ကျောက်လိုဏ်ဂူကြီးများ အထိ ရှိလေသည် ။

အများအားဖြင့်တော့ ထိုကျောက်ဂူများ ထဲ၌ ယောဂီကြီးများ နေထိုင်ကြကာ ကျင့်ကြံအားထုတ်မှုများ ပြုနေကြလေသည် ။

အိန္ဒိယယောဂီတို့ မှာ လူများ နှင့် နီးနီးနားနား နေလေ့မရှိဘဲ တောတောင်ဂူများ ထဲမှာ သာ နေထိုင်ကာ ယောဂကျင့်စဉ်များ နှင့် အခြားကျင့်စဉ်များကို ကျင့်ကြံအားထုတ်ကြလေသည် ။

၎င်းတို့ သည် ကိုယ်ခန္ဓာကိုယ်မှာ အဝတ် ဝတ်လေ့မရှိဘဲ ခါးတွင် နံငယ်ပိုင်း တစ်ခုလောက်သာ ပတ်ထားလေ့ရှိသည် ။

နေပူပူ၊ မိုးရွာရွာ၊ နှင်း ဘယ်လောက်ကျစေ ရာသီဥတုဒဏ်ကို ကြံ့ကြံ့ခံ၍ ဥပေက္ခာပြုကာ နေထိုင်ကြသူများ ဖြစ်ကြသေလည်။

ယောဂီကြီးများ သည် သစ်သီးနှင့် ရေ ရှိမည်ဆိုလျှင် ဘယ်နေရာမှာမဆို နှစ်ပေါင်းများ စွာ နေနိုင်ကြသူများ ဖြစ်ကြလေသည် ။

ဂူထဲမှာ ဝင်၍ အချိန်ကြာမြင့်စွာ နေနိုင်ကြသည် ။

၎င်းတို့ သည် စိတ်စွမ်းအား အထူးပင် ကောင်းမွန်သူများ ဖြစ်ကြကာ အနာဂတ်ဖြစ်စဉ်များကို ကြိုတင် သိမြင်နိုင်ပြီး ဆေးဝါးနှင့် ဂါထာမန္တ

ရား အတတ်များကို ကျွမ်းကျင်ကြလေသည် ။

အချို့ဘာသာများက ၎င်းတို့ အား ပြုစားတတ်သူများ ဟု ပင် စွပ်စွဲ တတ်ကြလေသည် ။

အိန္ဒိယယောဂီ အတော်များများမှာ ခန္ဓာကိုယ်စွမ်းအားများကို ထိန်းချုပ်နိုင်ကြသောကြောင့် အသက်တစ်ရာကျော်အထိ ကျန်းကျန်းမာ မာ နေနိုင်ကြပြီး အချို့ယောဂီများ ဆိုလျှင် နှစ်လေးရာ ငါးရာထိအောင် နေနိုင်ကြလေသည် ။

အိန္ဒိယ ယောဂီတို့ ၏ ပျော်စံရာ နေရာမှ ဟိမဝန္တာ တောင်တန်းကြီး ပင် ဖြစ်သည် ။

ဟိမဝန္တာ တောင်တန်းကြီးသည် သူတို့ အတွက် ဘူမိနက်သန် နေရာ မှန်ပင် ဖြစ်တော့သည် ။

ဂမ္ဘီရပညာများ နှင့် ဗေဒင်၊ ဆေးဝါး အတတ်ပညာများကို လေ့လာ လိုက်စားကြသူများ သည် ဟိမဝန္တာရှိ ယောဂီကြီးများကို ရှာဖွေ၍ ပညာ များကို လေ့လာဆည်းပူးကြရသည် ။

သို့ကြောင့်လည်း ယောဂီကြီးများအား အိန္ဒိယမှ ပညာရှင်များ သို့မ ဟုတ် ဟိမဝန္တာမှ ဆရာသခင်များ ဟု ခေါ်ဝေါ်ကြလေသည် ။

အိန္ဒိယယောဂီများ တွင် ရှေးဟောင်း ဗေဒင်ကျမ်းများ ၊ လက္ခဏာ များ ၊ ဆေးကျမ်း၊ ဓာတ်ကျမ်းများ ရှိကြသည် ။

လက္ခဏာကျမ်းများ ဆိုလျှင် လွန်ခဲ့သော နှစ်ပေါင်းများ စွာမှ လူတို့ ၏ ထူးခြားလှသည့် လက္ခဏာများ ပင် ရှိလေသည် ။

ထိုလက္ခဏာကျမ်းများကို လေ့လာခွင့်ရသူတို့ မှာ ကမ္ဘာပေါ်တွင် ထူးခြား ထင်ရှားသူများ ဖြစ်လာကြသည် ။

ယောဂီကြီးများ သည် သက်တမ်းအားဖြင့် တစ်ရာ၊ နှစ်ရာမှ လေးရာ၊ ငါးရာအထိ နေနိုင်ကြသော်လည်း အချိန်ရောက်၍ သေကြသောအခါ ထိုကျမ်းများကို ၎င်းတို့ နှင့်အတူ တစ်ပါတည်း ယူဆောင်သွားကြလေသည် ။

သူတို့ အသက်ရှင်နေစဉ်က ထိုကျမ်းများကို သူတို့ ခွင့်ပြုမှ သာ ကြည့်ရှုခွင့်ရပြီး သူတို့ သေဆုံးသောအခါ ထိုကျမ်းများကို တစ်ပါတည်း ယူဆောင်သွားလေ့ရှိသောကြောင့် နောက်လူကို ကြည့်ရှုခွင့် မရကြတော့ခြင်း ဖြစ်သည် ။

ထို့ကြောင့် ရှေးဟောင်း ပညာရပ်များကို လေ့လာ လိုက်စားကြသူများကား ထိုကျမ်းများကို မတွေ့တွေ့အောင် ကြိုးစား၍ လိုက်ရှာကြလေသည် ။

အဘယ်ကြောင့် ဆိုသော်..

ထိုကျမ်းများကို ရှာဖွေတွေ့ရှိပါက ကမ္ဘာပေါ်တွင် အထူးချွန်ဆုံး ဗေဒင်ဆရာ၊ လက္ခဏာဆရာ၊ ဆေးဆရာများ ဖြစ်လာနိုင်ရုံမက ရတနာသိုက်တစ်ခု တွေ့ရသည့်ပမာ အကျိုးများ မည် ဖြစ်သောကြောင့်ပင်။

ဒါဂျီလင်မြို့၏ ပတ်ဝန်းကျင်၌ တောင်စဉ်တောင်တန်းကြီးများ ၊ လိုဏ်ဂူများ များ စွာရှိပြီး ထိုဂူများ ထဲတွင် ယောဂီကြီးများ နေထိုင်ကြပြီး အချို့က တစ်ခါတစ်ရံ မြို့ရွာများ သို့ ဆင်း လာပြီး အလှူခံလေ့ ရှိကြသည် ။

သို့စေကာမူ အစားအသောက် ရရုံအတွက်နှင့်တော့ တကူးတက လာရောက်လေ့မရှိဘဲ အကြောင်းကိစ္စ တစ်ခုခုရှိမှ သာ ဆင်း လာလေ့ရှိကြသည် ။

ဒဂျီလင် မြို့ထဲမှာ ပင် ယောဂီကြီးများအား ပစ္စည်းလေးပါး ထောက်ပံ့ လှူဒါန်းပေးနေကြသူများ ရှိကြသည် ။

အချို့ဆိုလျှင် ယောဂီကြီးများ နေထိုင်သော ဂူများ အထိ ရောက်အောင် လိုက်သွားဖူးသူများ ရှိကြလေသည် ။

သို့သော်.. အိန္ဒိယယောဂီကြီးများ သေဆုံးသောအခါ မည်သည့်နေရာတွင် မည်သို့မည်ပုံ သေဆုံးသည် ကို မည်သူမှ မတွေ့ရသလို သိခွင့်လည်း မရှိပေ။

အလားတူပင် တိဗက်တွင် လားမားဘုန်းတော်ကြီးများ လူသူမနီးလှသော ကျောက်တောင်၊ ကျောက်ဂူများ တို့ ၌ နေထိုင်၍ ကျင့်ကြံ အားထုတ်ကြလေသည် ။

၎င်းတို့ သည် အကြောင်းကိစ္စ တစ်စုံတစ်ရာရှိမှ မြို့ရွာများ သို့ လာလေ့ရှိကြပြီး အကြောင်းကိစ္စမရှိလျှင် ဂူထဲမှ ထွက်လေ့မရှိကြပေ။

အိန္ဒိယယောဂီကြီးများကဲ့သို့ပင် ကျောက်ဂူများ ထဲ ဝင်၍ အပေါက်ကို ကျောက်တုံးများ ဖြင့် ပိတ်ကာ သုံးလေးနှစ်ကြာအောင် နေလေ့ရှိကြသည် ။

အချို့မှာ သုံးနှစ်ပြည့်ပါက အပြင်သို့ ပြန်ထွက်လာကြပြီး အချို့ကတော့ အပြင်သို့ ရောက်လာသောအခါ ခဏသာနေနိုင်ပြီး ကျောက်ဂူထဲသို့ ပြန်ဝင်သွားကာ တစ်သက်လုံး ဆက်လက် နေထိုင်ကြသူများ လည်း ရှိပေသည် ။

၎င်းလားမားကြီးများ သေဆုံးသောအခါ မြေအောက် ကျောက်တောင် လိုဏ်ခေါင်းထဲသို့ ယူသွားကာ မပုပ်မသိုးအောင် ဆေးစီရင်ပြီးမှ ထားကြလေသည် ။

အများအားဖြင့်တော့ ၎င်းတို့ သင်္ချိုင်းဂူများ နှင့် အနီးတွင် အဂ္ဂိရတ်ကျမ်းများ နှင့် ဖိုထိုးရာ၊ ဆေးဝါးစီရင်သော နေရာများ ရှိကြပေသည် ။

လားမားဘုန်းကြီးများ သေဆုံးသောအခါ ပါးစပ်ထဲမှ တစ်ဆင့် ဝမ်းဗိုက်ထဲသို့ရောက်အောင် ပြဒါးဆေးရည်များကို လောင်းထည့်ကာ မပုပ်မသိုးအောင် စီရင်ထားလေသည် ။

လာမားဘုန်းတော်ကြီးများ ၏ သင်္ချိုင်းကို သာမန်လူတို့ က အလွယ်တကူ ရှာမတွေ့နိုင်ကြခြင်းမှာ လားမားဘုန်းတော်ကြီးများက တင်းကျပ်စွာ စောင့်ရှောက်ထားကြသောကြောင့် ဖြစ်ပေသည် ။

အိန္ဒိယယောဂီများကတော့ လားမားဘုန်းတော်ကြီးများကဲ့သို့ အစုအဝေးဖြင့် နေလေ့မရှိဘဲ တစ်ယောက်တည်း သီးသန့်နေလေ့ရှိသောကြောင့် ၎င်းတို့ သေဆုံးသောအခါ ဘယ်နေရာမှာ သေသည် ၊ မည်သို့မည်ပုံ သေဆုံးမည်ကို ဘယ်သူမှ မသိကြခြင်း ဖြစ်၏။

သို့ကြောင့်..

အိန္ဒိယယောဂီများ ၏ သင်္ချိုင်းနေရာကိုတွေ့လျှင် ၎င်းတို့ နှင့် အတူပါသွားသည့် ဗေဒင်လက္ခဏာကျမ်း၊ ဆေးကျမ်းများကို မုချတွေ့နိုင်လိမ့်မည်ဟု မျှော်လင့်ချက်ဖြင့် ကြိုးစားပမ်းစား လိုက်လံ ရှာဖွေကြသူများလည်း ရှိကြလေသည် ။ ထိုအထဲတွင် ဒေါက်တာမင်းထင်ကျော်တို့ လူစုလည်း ပါလေသည် ။

၎င်းတို့ အဖွဲ့တွင် ဒေါက်တာမင်းထင်ကျော်က ခေါင်းဆောင်၍ အဖွဲ့ဝင်ခုနစ်ဦး ပါ လာလေသည် ။ ထိုအထဲတွင် ဒေသခံ လမ်းပြအချို့လည်း ပါလာကြသည် ။

သူတို့ အဖွဲ့တွင် နယ်ခံ လမ်းပြနှစ်ယောက်မှ လွဲ၍ ကျန်ငါးယောက်

တို့ မှာ မြန်မာနိုင်ငံမှ လိုက်ပါလာကြသူများ ဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်၊ ကျော်စွာ၊ ဦးဇန်ကောင်း၊ စောထီး၊ ငမဲ အောင်တို့ ငါးယောက်ဖြစ်ပြီး ကျန်နှစ်ယောက်မှာ ရာဂျစ်နှင့် အာမစ်တို့ ညီအစ်ကိုနှစ်ယောက် ဖြစ်သည်။

အချိန်ကာလမှာ ၁၉၄၁-ခုနှစ်၊ ဖေဖော်ဝါရီလ ဒုတိယပတ်ဖြစ်သည်။

အာရှတိုက်ရှိ နိုင်ငံများမှာ အင်္ဂလိပ်နယ်ချဲ့တို့ လက်အောက်သို့ ရောက်နေသော ကာလဖြစ်ကာ ဒေသအသီးသီးရှိ လူများက မျက်နှာဖြူနယ်ချဲ့များအား တွန်းလှန်တိုက်ခိုက်ရန် အားယူနေကြသော အချိန်လည်း ဖြစ်ပေသည်။

ဒေါက်တာမင်းထင်ကျော်တို့ အဖွဲ့မှာ သစ်တောအုပ်တစ်ခုမှ ထွက်ခဲ့ကြပြီးနောက် ကန္တာရသဖွယ် ဖြစ်နေသည့် လွင်ပြင်တစ်ခုရှိရာ ရောက်သွားကြသည်။

ကန္တာရလွင်ပြင်ဟု ဆိုရသော်လည်း သစ်ပင်ကြီးငယ်တို့ မရှိသည် မှလွဲ၍ ပြန့်ပြူး ညီညာခြင်းတော့ မရှိလှပေ။

မြင့်မားလှသည့် ကျောက်တောင်များကတော့ ရှိသည်။

အချို့ကျောက်တောင်ကြီးများမှာ ပေသုံးလေးထောင်အထိ မြင့်မားကာ တစ်တောင်နှင့် တစ်တောင်ကြား၌ လျှိုကြီးများ ခြားနေလေသည်။

"အဲဒီ ကျောက်တောင်တွေရဲ့ အောက်ခြေတွေမှာ ဂူပေါက်တွေ အများကြီးရှိတယ် သခင်၊ အဲဒီဂူတွေထဲမှာ ဆာဒူးတွေ နေကြတယ်"

ဟု အာမစ်က ပြောသည်။

"နောက် ဘာတွေရှိသေးလဲ အာမစ်"

"အဲဒီမှာ ရွှေထွက်တဲ့ နေရာတွေနဲ့ ရတနာတွေ ရှာဖွေလို့ ရတယ်၊ ဒါပေမဲ့ ကျွန်တော်တို့ ဘက်က လူတွေကတော့ သိပ်ပြီး သွားလေ့မရှိကြဘူး"

"ဘာကြောင့်လဲကွယ်"

"အဲဒီဘက်တွေမှာ မကောင်းဆိုးဝါးတွေ ရှိတယ်၊ အဲဒီလို သွားရှာတဲ့ လူတွေဟာ အန္တရာယ်တစ်ခုခုနဲ့ တွေ့ပြီး သေကြတာများ လို့ မသွားဝံ့ကြတာပါ"

"ဒါဖြင့် ဘယ်သူမှ သွားမရှာကြဘူးလား"

"အင်္ဂလိပ်တွေကတော့ သွားကြတယ်၊ သူတို့ မှာ က သေနတ်တွေလည်း ပါတော့ သိပ်ပြီး မကြောက်ကြဘူး၊ သူတို့ ဟာ ဒီနယ်က အလုပ်သမားတွေကို ဈေးကောင်းကောင်း ပေးပြီး ခေါ်သွားကြတယ်"

"သူတို့ သွားတာကျတော့ ဘာမှ မတွေ့ကြဘူးလား"

"သူတို့ လည်း အန္တရာယ်မျိုးစုံနဲ့ တွေ့ပြီး သေကြတာပါပဲ၊ အဲဒီနေရာတွေမှာ ရှိတဲ့ အန္တရာယ်တွေက သူတို့ မှာ ပါတဲ့ သေနတ်တွေနဲ့ ပစ်လို့ မရတာတွေ ရှိတယ်"

ထိုစကားကြောင့် ဒေါက်တာမင်းထင်ကျော်တို့ တစ်တွေမှာ များ စွာ စိတ်ဝင်စားကြလေသည် ။

"ဘယ်လို အန္တရာယ်မျိုးတွေလဲကွ၊ မင်းသိသလောက် ပြောပြပါဦး"

"ဒီနေရာတွေက ယောဂီကြီးတွေ၊ ဆာဒူးကြီးတွေ နေကြတဲ့ နေရာတွေဆိုတော့ မဟုတ်တာလုပ်လို့ မရဘူး၊ လုပ်တာနဲ့ အန္တရာယ်တစ်ခုခုနဲ့ တိုးတာပဲ၊ လွန်ခဲ့တဲ့ နှစ်နှစ်လောက်တုန်းက ဒီဘက်မှာ ထူးဆန်းတာ တစ်ခု ကြုံလိုက်ရသေးတယ်"

"ဘယ်လိုလဲကွ"

"အင်္ဂလိပ် မျက်နှာဖြူ တစ်ယောက်ဟာ နောက်က တပည့်တွေနဲ့ ဒီဘက်ကို တက်လာကြတယ်၊ သတင်းကြားတာကတော့ စစ်ပွဲတစ်ခုတုန်းက သူတို့ နဲ့ အတူပါလာတဲ့ ရတနာပစ္စည်းတွေ ဒီနားတစ်ဝိုက်မှာ ပျောက်ဆုံးသွားတယ်လို့ ကြားရတာပါပဲ"

"အင်း.. ပြောပါဦးကွ"

"သူတို့ ဟာ ဒီတောင်ပေါ် ရောက်တော့ ဂူတစ်ဂူထဲ ဝင်ရှာမယ်လုပ်တော့ အထဲမှာ ရှိနေတဲ့ ယောဂီကြီးတစ်ဦးက အထဲကို မဝင်ဖို့ တားတယ်၊ ဒါပေမဲ့ အတင်းဝင်မယ်လုပ်တဲ့ အခါ ယောဂီကြီးက အပေါက်ဝက ပိတ်ပြီး ထားတာနဲ့ သေနတ်နဲ့ ပစ်သတ်လိုက်ကြတယ်"

"ဟင်.. နောက်တော့ ဘာဖြစ်သွားသလဲ"

"ယောဂီကြီးဟာ သေနတ် ကျည်ဆန်ရာကြောင့် သေသွားပေမယ့် သူ့မျက်လုံးတွေ ပွင့်လျက်သား ဖြစ်နေတယ်၊ ဘယ်လို ပိတ်လို့ မှ ပိတ်မသွားဘူးတဲ့ ၊ အဲဒီအင်္ဂလိပ်မျက်နှာဖြူကိုပဲ လိုက်ကြည့်နေတာတဲ့ ၊ နောက်တော့ အင်္ဂလိပ်မျက်နှာဖြူက သည်းမခံနိုင်တော့တာနဲ့ ယောဂီကြီးရဲ့ ဦးခေါင်းကို ဓားနဲ့ ခုတ်ဖြတ်ပြီးတော့ လွှင့်ပစ်လိုက်တယ်"

"အတော်ရက်စက်တဲ့ လူမိုက်ပဲ"

ဦးဗန်ကောင်းက ရေရွတ်လိုက်သည် ။

"အဲဒီနောက် သူတို့ တစ်တွေဟာ ဂူထဲကိုဝင်သွားတဲ့ အခါ ရတနာတွေတော့ မတွေ့ရဘူး၊ မြေကြီးထဲက အဆိပ်ပြင်းတဲ့ ကင်းမြီးကောက်အနက်တွေရဲ့ တိုက်ခိုက်တာခံရတာနဲ့ အတော်များများ သေကုန်ကြတယ်၊ ဒီတော့မှ ယောဂီကြီးက သူတို့ ကို ဂူထဲမဝင်စေချင်တာ

အန္တရာယ်ရှိလို့ ဆိုတာကို သဘောပေါက်ကြတော့တယ်"

"နောက်တော့ ဘာဖြစ်သေးလဲ"

"နောက်တော့ အဲဒီ အင်္ဂလိပ်မျက်နှာဖြူဟာ ညဘက်ဆိုရင် ယောဂီကြီးရဲ့ ဦးခေါင်းပြတ်ကြီးက သူ့ဆီကို အမြဲရောက်လာတယ်လို့ ပြောသံကြားတယ်၊ သူတို့ ကာလကတ္တားအထိ သွားပြီး ဆရာဝန်ကြီးတွေနဲ့ ကုပေမယ့် မရတော့ဘူး၊ ညဘက်ရောက်လာရင် 'ဟိုမှာ ခေါင်းပြတ်ကြီး လာနေပြီ ကယ်ပါဦး၊ လုပ်ပါဦး'နဲ့ နောက်တော့ မစားနိုင် မသောက်နိုင်ဖြစ်ပြီး သေသွားရှာတယ်၊ သူ သေတော့ လည်ပင်းမှာ သွားနဲ့ ကိုက်ဖောက်ထားသလို အရာမျိုးတွေ တွေ့ရတယ်လို့ ပြောကြတယ်"

အာမစ်က စိတ်ရှည်လက်ရှည် ပြောပြပြီးနောက် ခါးပုံစံထဲမှာ ထည့်ထားသော ဆေးရွက်အနည်းငယ်ကို ဖဲ့ယူပြီး ပါးစပ်ထဲကိုလည်း ထည့်၊ ညီဖြစ်သူ ရာဂျစ်ကိုလည်း အနည်းငယ် ပေး လိုက်လေသည်။

သူတို့ အဖို့ တော့ ဆေးတစ်ဖက်လောက် ပါးစပ်ထဲ ထည့်ထားလိုက်လျှင် ကွမ်းစားစရာမလို၊ ဆေးလိပ်သောက်စရာ မလိုဘဲ ခံတွင်းချဉ်ပြေစေသည့် အလွယ်ဆုံးနည်း ဖြစ်ပေသည်။

ထို့နောက်.. သူတို့ တစ်တွေသည် စကားတပြောပြောနှင့် တောင်ကုန်းတစ်ခုပေါ်သို့ တက်လာကြလေသည်။

တောင်မှာ ကျောက်တောင် အမျိုးအစားဖြစ်ပြီး ပေ ၁၀၀၀ ကျော်ခန့် အမြင့်ရှိလေသည်။

တောင်ကြောပေါ်မှာ တော့ တောင်ကုန်းနှင့် ချိုင့်ဝှမ်းများ ရှိလေသည်။

တောင်ကြောတစ်ခုပေါ်သို့ ရောက်သွားသောအခါ အသံတချို့ကို

ကြားကြရသောကြောင့် အားလုံး တအံ့တသြ ဖြစ်သွားကြသည် ။

အသံကြားသဖြင့် လိုက်ကြည့်ပြန်တော့လည်း တောင်ကုန်း၊ တောင်ကမူများ ၊ ချိုင့်ဝှမ်းများမှ လွဲ၍ သက်ရှိသတ္တဝါဟူ၍ တစ်စုံတစ်ယောက်မှ မတွေ့ကြရပေ။

သို့စေကာမူ အသံများကတော့ ကြားနေရဆဲပင်။

ထို့ကြောင့် အသံကြားနေရာဘက်သို့ တဖြည်းဖြည်း တိုးသွားကြည့်သောအခါ တွင်းပေါက်တစ်ပေါက်ကို တွေ့ရသည် ။

ကြားနေရသော အသံများမှာ ထိုတွင်းပေါက်ထဲမှ အပေါ်သို့ လှိုက်တက်လာနေခြင်း ဖြစ်သည် ။

သို့ကြောင့်...

တစ်ယောက်နှင့်တစ်ယောက် အသံမကြားစေရန် အချက်ပြပြီး ထိုတွင်းပေါက်နေရာသို့ တဖြည်းဖြည်း တိုးသွားကာ အောက်သို့ ကြည့်လိုက်သောအခါ လိုဏ်ခေါင်းထဲမှာ ဦးစွာ မီးရောင်အချို့ကို မြင်ရသည် ။

မီးရောင်များမှာ လက်ဆွဲမီးအိမ်များကို ချိတ်ဆွဲထားခြင်း ဖြစ်လေသည် ။

အထဲမှာ တော့ လူအချို့ သွားလာ လှုပ်ရှားနေတာကိုလည်း တွေ့ရလေသည် ။

ထိုအထဲတွင် အင်္ဂလိပ်စစ်ဗိုလ်နှင့် စစ်သားအချို့ကို တွေ့ရပြီး ကျန်တာကတော့ ဒေသခံ အလုပ်သမားများ ဖြစ်ကြသည် ။

ပထမတော့ ၎င်းတို့ မှာ စစ်စခန်းအတွက် လျှို့ဝှက်ပြင်ဆင်နေခြင်းဟု ထင်လိုက်သော်လည်း အပေါ်မှ အတန်ကြာ စောင့်ကြည့်သောအခါမှ

မဟုတ်ဘဲ ၎င်းတို့ သည် မြေအောက်လိုဏ်ခေါင်း တစ်ခုထဲမှ တစ်စုံတစ်ရာကို သဲကြီးမဲကြီး ရှာဖွေနေကြမှန်း သိရတော့သည် ။

"သူတို့ ရတနာပစ္စည်း ရှာနေကြတာ ဖြစ်မယ်ဆရာ"

ကျော်စွာက လေသံတိုးတိုးဖြင့် ပြောသည် ။

ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြပြီး ငြိမ်ငြိမ်နေရန် အချက်ပြလိုက်ကာ အပေါ်မှ ငုံ့ကြည့်နေစဉ် အလုပ်သမားတစ်ယောက်က ထွက် လာပြီး အရာဝတ္ထုတစ်ခုကို ယူ လာပြီး အင်္ဂလိပ်စစ်ဗိုလ်လက်ထဲသို့ ပေးလိုက်သည် ။

အင်္ဂလိပ်စစ်ဗိုလ်က ထိုအရာဝတ္ထုကို အဝတ်စဖြင့် ပွတ်တိုက်၍ မီးရောင်ဖြင့် ထောင်ကြည့်လိုက်သောအခါ အရောင်တလက်လက် ထွက်နေသော ကျောက်တုံးတစ်တုံး ဖြစ်မှန်းတော့ တွေ့လိုက်ရသည် ။

သူတို့ ရောက်နေသော နေရာနှင့် အောက်ဘက်မှ အခြေအနေမှာ မဝေးလှသောကြောင့် အတိုင်းသား တွေ့နေရသည် ။ အင်္ဂလိပ်စစ်ဗိုလ်က သလင်းကျောက်ကဲ့သို့ အရောင်တလက်လက် ထွက်နေသော ကျောက်တုံးကို အသေအချာကြည့်ပြီး စိတ်မဝင်စားဟန်ဖြင့် စားပွဲခုံပေါ် ချထားခဲ့ကာ သူပါ အတွင်းသို့ ဝင်လိုက်သွားလေသည် ။

ဒေါက်တာမင်းထင်ကျော်က စိတ်ဝင်စားသောကြောင့် ဘေးမှ လွယ်ထားသော မှန်ပြောင်းကိုယူ၍ အသေအချာ ကြည့်လိုက်သောအခါ ကျောက်တုံးမှာ သလင်းကျောက်ကဲ့သို့ ကျောက်မျိုးဖြစ်ကာ ထူးထူးခြားခြား အနက်ရောင်များ ယှက်သမ်းလျက် ရှိသည် ။

ထို့ထက် ထူးဆန်းသည့် ပုံသဏ္ဍာန်မှာ အသည်းနှလုံး ပုံသဏ္ဍာန်မျိုး ဖြစ်သောကြောင့် အနည်းငယ် အံ့ဩသွားလေသည် ။

"ဘာထူးသလဲ"

ဦးဗန်ကောင်း အနားကပ်ကာ တိုးတိုးမေးသည် ။

"အသည်းပုံသဏ္ဍာန် ကျောက်နက်တုံး တစ်တုံးတော့ စားပွဲပေါ်မှာ ချထားတာ တွေ့တယ် အဘ၊ နည်းနည်းတော့ ထူးဆန်းသလိုပဲ"

"ဆက်ပြီး စောင့်ကြည့်လိုက်ပါဦး"

ထိုသို့ အချင်းချင်း ပြောဆိုနေစဉ်မှာ အောက်ဘက်မှ ဆူဆူညံညံအသံများ ကြားရလေသည် ။

"ဘာဖြစ်လို့ လဲ"

"မသိဘူး အဘ"

စူးစူးဝါးဝါး အော်သံများ ...

ထိတ်လန့်တကြား အော်သံများ ..

ပြေးလွှားနေသံများကို ကြားနေရသော်လည်း တွင်းဝဘက်ကိုတော့ တစ်ယောက်မှ မရောက်လာကြပေ။

သူတို့ တစ်တွေ ငုံ့ကြည့်နေစဉ် မြေအောက်ဂူတွင်းများ ထဲမှ အလုံးလိုက် အခဲလိုက် ထွက်လာသော မည်းမည်းသဏ္ဍာန်များ သည် လူသံကြားရာဘက်သို့ ပြေးသွားကြသည် ကို လှမ်းမြင်ကြရလေသည် ။

ထိုအခါ ရာဂျစ်ဆိုသော လမ်းပြက..

"အဲဒါ မြေတွင်းအောင်းနေတဲ့ ကင်းမြီးကောက်တွေပဲ ဆရာ၊ ဒီသတ္တဝါတွေက လူသားလည်း စားတယ်၊ နောက်ပြီး အဆိပ်လည်း သိပ်ပြင်းတာပဲ၊ သူတို့ အဆိပ်မိရင် ကန္တာရ မြွေဟောက် အကိုက်ခံရသလိုပဲ ချက်ချင်းသေတယ်"

ဟု ပြောပြလေသည် ။

ဒေါက်တာမင်းထင်ကျော်တို့ က အသာငြိမ်ပြီး ကြည့်နေစဉ်မှာ အောက်ခြေဘက်မှ ဆူဆူညံညံ အချို့တော့ ကြားလိုက်ရသည် ။

"သူတို့ က တောင်ခြေမှာ ရှိတဲ့ ဂူပေါက်ဝက ဝင်ကြတာဖြစ်မယ်၊ ကင်းမြီးကောက်တွေကြောင့် အားလုံး သေကုန်ပြီလား၊ ပြေးပဲ ပြေးကုန်ကြသလား မသိဘူး၊ ဂူထဲမှာ တော့ အသံတွေ မကြားရတော့ဘူး"

ဟု ဦးဇန်ကောင်းက ပြောသည် ။

"ကျွန်တော် အောက်ကို ဆင်းကြည့်ချင်တယ်"

"ဖြစ်ပါတယ်"

ထိုသို့ပြောကာ ကြိုးတစ်ချောင်းကို ကျောက်တုံးတစ်တုံးမှာ ချည်၍ ဦးဇန်ကောင်းနှင့် ကျော်စွာတို့ က ထိန်းကိုင်ပေးထားပြီး ဒေါက်တာမင်းထင်ကျော်က ထိုကြိုးမှ တွယ်၍ အောက်သို့ တဖြည်းဖြည်း လျှောဆင်းသွားသည် ။

အောက်သို့ ရောက်အောင် သိပ်မဆင်းရပေ။

ထွန်းထားသော မီးအိမ်အလင်းရောင်ကြောင့် ဂူထဲကို ကောင်းစွာ မြင်နေရသည် ။

ဂူ မှာ အလျားရှည်ကြီးဖြစ်ကာ မီးရောင် မရောက်သော နေရာမှာတော့ မှောင်နေလေသည် ။

လူရိပ်လူခြည်တော့ မတွေ့ရပေ။

သို့သော် ဂူကြမ်းပြင်ပေါ်မှာ တော့ အတုံးအရုံး လဲကျနေသော လူအချို့ကို လှမ်းမြင်နေရသည် ။

ကင်းမြီးကောက်များကိုတော့ အနည်းငယ်လောက်သာ မြင်ရတော့သည် ။

ကင်းမြီးကောက်များ သည် ထွက်ပြေးသွားသော လူများ နောက်သို့ပဲ ပြေးလိုက်သွားကြသလား။

ဒါမှ မဟုတ် တွင်းထဲသို့ ပြန်ဝင်သွားကြလေရော့သလား မပြောတတ်ပေ။

သိပ်မတွေ့ရတော့ပေ...။

အချို့ ကင်းမြီးကောက်များကတော့ လဲကျနေသော လူများ ပေါ်သို့ ဝိုင်းအုံ တက်နေကြသည် ။

အနီးကပ်တွေ့ရတော့မှ ကင်းမြီးကောက် အတော်များများမှာ အနက်ရောင်များ ဖြစ်ကြကာ အကောင်အသေးရော အကြီးပါ အရွယ်အစားအမျိုးမျိုး တွေ့ရသည် ။

အချို့ ကင်းမြီးကောက်ကြီးများမှာ တစ်ထွာ၊ တစ်မိုက်ခန့် အရွယ်အစားရှိကာ လက်မချင်းရိုက်သံ၊ အမြီးကောက်ခတ်သံများကို အတိုင်းသားကြားနေရသည် ။

ဂူထဲမှာ လိုဏ်သံ ထနေသောကြောင့် ၎င်းတို့ အသံများမှာ ပို၍ ကျယ်လောင်နေသယောင် ရှိလေသည် ။

ဒေါက်တာမင်းထင်ကျော်က တစ်ဝက်လောက် ရောက်သောအခါ ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ အောက်ရောက်အောင် ဆက်ဆင်းကာ အသည်းပုံသဏ္ဍာန် အနက်ရောင် တောက်ပနေသည့် လက်သီးဆုပ်ခန့် အရွယ်ရှိသည့် ကျောက်တုံးတစ်တုံးဖြစ်ကြောင်း သိရသဖြင့် ကျောက်တုံးကို အိတ်ထဲသို့ ထည့် လိုက်လေသည် ။ ထိုအချိန်မှာ ပင် ဂူ

ထဲ ပြန်ဝင်လာသော လူသံများကို ကြားရပြန်သဖြင့် အပေါ်သို့ အလျင်အမြန် ပြန်တက်ခဲ့လေသည် ။

"ဒိုင်း.. ဒိုင်း.. ဒိုင်း"

သေနတ်သံများ ကြားရပြီး ကျည်ဆန်များက ဂူနံရံများ သို့ လာရောက် ထိမှန်လေသည် ။

ဂူအပေါ်ရောက်ပြီး မရှေးမနှောင်းမှာ ပင် အင်္ဂလိပ်စစ်ဗိုလ်နှင့် သူ့လူများ တစ်ကျော့ပြန် ဝင်လာကြချေပြီ။

သို့ကြောင့်...

ဒေါက်တာမင်းထင်ကျော်တို့ တစ်တွေမှာ လည်း တစ်ဖက်တောင်ကြောအောက်သို့ ရောက်အောင် အလျင်အမြန် ပြန်ဆင်းကြရလေသည် ။ အောက်ဘက်မှာ တော့ ဆူဆူညံညံအသံများ ကြားနေရဆဲပင်။

******